## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေး တတိယနေ့(၆. ၁၂. ၂၀၁၇) ရက်နေ့တွင် မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သောလူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းလှဝင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမဲ့ အဆိုကတော့ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများအနက်၊ အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ် ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း"အဆိုကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစု ပေါင်း(၁၃၅)မျိုးရှိသည်ဟု လေ့လာတွေ့ရှိရပါတယ်။ ထို့နည်းတူ ရှမ်းပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသည့် ရှမ်းမျိုးနွယ်စု (၃၃) မျိုးရှိကြောင်းကိုလည်း ဖော်ပြထားရှိပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ အခြေခံဥပဒေထဲ မှာလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံထဲတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးရဲ့ လူမှုရေး၊ စီးပွားရေး၊ စာပေ၊ ယဉ်ကျေးမှုစသည်တို့ ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတော်က အစစအရာရာပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်တဲ့နေရာမှာလည်း ပြည်ထောင်စု တိုင်းရင်းသား(၁၃၅)မျိုးလုံး အသီးအပွင့်များကို မျှမျှတတဖြင့် ခံစားစေရမယ်လို့ ပွင့်လင်းမြင်သာမှုဖြင့် အတိအလင်းဆိုထားတာရှိပါ တယ်။ ဒါကြောင့် ရှမ်းပြည်နယ်မှာ မှီတင်းနေထိုင်ကြတဲ့ရှမ်းမျိုးနွယ်စု (၃၃)မျိုးကို တင်ပြခွင့်ပြုပါ။ ရှမ်း၊ ယွန်း (လအို)၊ ကွီ၊ ဖျင်၊ ယောင်၊ ထနော့၊ ပလေး၊ အင်၊ စုံ၊ ခမူ၊ ကော်(သို့)အာခါ၊ ကိုးကန့်၊ ခန္တီးရှမ်း၊ ဂုံရှမ်း၊ တောင်ရိုး၊ဓနုပလောင်၊မြောင်ဇီး၊ယင်းကျား၊ယင်းနက်၊ ရှမ်းကလေး၊ ရှမ်းကြီး၊ လားဟူ၊ အင်းသား၊ အိုက်စွယ်၊ ပအိုဝ်း၊ တိုင်းလွယ်၊ တိုင်းလမ်၊ တိုင်းလုံ၊ တိုင်းလိ၊ မိုင်းသာ၊ မောရှမ်းနဲ့ ဝလူမျိုးတို့ အသီးသီးဖြစ်ကြပါတယ်။ လက်ရှိရှမ်းပြည်နယ်လူမျိုး(၃၃)မျိုးမှီတင်း နေထိုင်တဲ့အနေအထားလေးကို သိစေလိုတာပါ။ ထိုတိုင်းရင်းသား အားလုံး အခြေခံဥပဒေနှင့်အညီ ဘက်စုံမျှတမှုရှိရဲ့လား၊ စားဝတ်နေရေးအဆင့်အတန်းမျှတမှုခံစားရရဲ့လား၊

ယဉ်ကျေးမှုစသည်တို့ကော အကုန်လုံးမျှတမှုရှိရဲ့လားဆိုတာကို လေ့လာစေလိုပါတယ်။ ဒီတင်ပြချက် ကို ကိုယ်စားလှယ်အားလုံး စိတ်ပါဝင်စားစွာဖြင့် ကျွန်တော်တင်သွင်းမဲ့အဆိုကို လေ့လာသုံးသပ်ပြီးတော့ ဆွေးနွေးအကြံပေးဖို့ဖြစ်ကြောင်း ကြိုတင်လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုပေါင်း(၁၃၅) မျိုးရှိသည်ကို တွေ့ရှိရ ပါတယ်။ ထို့အတူ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစု(၃၃)မျိုးရှိပါတယ်။ လူမျိုးစုများတို့တွင်လူဦးရေများပြားသည့် လူမျိုးစုရှိသလို လူဦးရေနည်းပါးသည့် လူမျိုးစုငယ်များ ရှိကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခု ရှိပါတယ်။ အဆိုပါဒေသများတွင် မှီတင်းနေထိုင်ကြသည့် မိမိတိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရအဖွဲ့၊ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ကူညီပံ့ပိုးမှုများဖြင့် မိမိကိုယ်တိုင်စီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်ခွင့်ရှိကြသဖြင့် မိမိတိုင်းရင်းသားလူမျိုးစုတို့၏လူနေမှုဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အားကောင်းကောင်းဖြင့် စွမ်းဆောင်ပေးနိုင်သည်ကို တွေ့ရှိရပါသဖြင့်ဂုဏ်ယူဝမ်း မြောက်မိပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အတူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးရရှိကြသည့် တိုင်းရင်းသားလူမျိုးစု(၇)မျိုးတို့သည်လည်း မိမိတိုင်းရင်းသားအရေးကိစ္စအရပ်ရပ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရအဖွဲ့အစည်း၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသည်ကိုလည်း ဝမ်းသာပီတိဖြစ်မိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော် ရှမ်းပြည်နယ်အတွင်း ပြန့်ကျဲ နေထိုင်ကြသည့်ကျန်ရှိသည့် တိုင်းရင်းသားလူမျိုးစုငယ်များတို့သည် မိမိတို့လူနေမှုဘဝအဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာစေရန်အစိုးရအဖွဲ့၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခွင့်အရေး၊ အခွင့်အလမ်းမရှိကြခြင်း၊ ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မည့်လူမှုအဖွဲ့အစည်း၊ လူတန်းစားအဖွဲ့အစည်း မရှိခြင်း၊ ဒေသအကျိုးစီးပွားဦးဆောင်မည့် ပုဂ္ဂိုလ်နည်းပါးခြင်း၊ မိရိုးဖလာဖြင့် လုပ်ကိုင်စားသောက်ခြင်းများအပြင် အခြားသောအားနည်းချက်များကြောင့် လူမှုရေး၊ စီးပွားရေးအဆင့်အတန်း နောက်ကျကျန်ရစ်နေသည်ကို အားလုံးလေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏ ရက်ကြီးနေ့ကြီးအခမ်းအနားကျင်းပရာတွင်လည်းကောင်း၊ ဒေသဆိုင်ရာအခမ်းအနားကျင်းပရာတွင်လည်းကောင်း၊ ဘာသာရေးအခမ်းအနားကျင်းပရာတွင်လည်းကောင်း၊ တိုင်းရင်းသားများတို့၏ ယဉ်ကျေးမှုအနုပညာ၊ ဝတ်စားဆင်ယင်မှု၊ ထုတ်ဖော်ပြသနိုင်ကြခြင်းသည်လူမှုရေး၊ စီးပွားရေးတိုးတက်သည့် ပြယုဂ်ဖြစ်သလို အဆိုပါ အခမ်းအနားများတွင်ပါဝင်ဖော် ထုတ်ပြသနိုင်ခြင်းမရှိကြသည့် တိုင်းရင်းသားလူမျိုးစုငယ်များ၏ လူမှုရေး၊ စီးပွားရေး နောက်ကျမှုပြယုဂ်ဖြစ်နေမလားဟု သုံးသပ် လေ့လာတွေ့ရှိရပါတယ်။ သို့ပါ၍ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်ရင်းသားလူမျိုးစု(၃၃)မျိုးတို့အား လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်မှု၊ တန်းတူညီမှုအကျိုးခံစားခွင့်ရရှိစေရန် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်နေကြသည့် တိုင်းရင်းသားလူမျိုးစုငယ်များအတွက် လိုအပ်ချက်များကို လေ့လာသုံးသပ်အဖြေရှာပြီး ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်မည့်လုပ်ငန်းစဉ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး

တင်ပါတယ်။

**အဆိုကိုပြည်နယ်လွှတ်တော်ကလက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံ ဆွေးနွေးရန်မသင့်ကြောင်းဥက္ကဋ္ဌကကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သောလူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုကို လေးလေးနက်နက်ထောက်ခံ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးစိုင်းလှဝင်းတင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သောလူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။ အဆိုကို ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းလှဝင်း၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် (ကြာသပတေးနေ့)တွင် ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါ ဒီကနေ့ ညနေ(၅)နာရီ အချိန် နောက်ဆုံးထားပြီးတော့မှ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့(၇. ၁၂. ၂၀၁၇) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ အနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုး စီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။ အဲ့ဒီတော့ လွှတ်တော် ကိုယ်စားလှယ်တွေကလည်း ဒီအစီအစဉ်မှာ(၅)ဦး၊ နောက် အစီအစဉ်မှာလည်းများတဲ့အတွက် ကိုယ်စားလှယ်များအနေနဲ့လည်း ဆွေးနွေး ကြတဲ့အခါမှာ တိုတိုနဲ့လိုရင်းဘဲ ထိရောက်အောင် ဆွေးနွေးကြစေလိုပါတယ်။ ပထမဦးစွာ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလင်းအောင်ဆွေက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တင်သွင်းတဲ့ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး အတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈) "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ"မှာပါရှိတဲ့ ဥပဒေပုဒ်မများအားလုံးနဲ့ ကိုက်ညီအကျုံးဝင်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားများဟာ ဥပဒေပုဒ်မ၃၅၅ အရ "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အတွင်းမည်သည့်အရပ်ဒေသ၌မဆိုဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်"လို့ အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်သလို၊ ပုဒ်မ ၃၆၆ အရ "ပညာရေး"၊ ပုဒ်မ ၃၆၇အရ "ကျန်းမာရေး"စတဲ့ အဓိကကျတဲ့ အခြေခံအချက်လေးတွေကို ခံစားပိုင်ခွင့် ရှိကြပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာလည်း တိုင်းရင်းသားပေါင်းစုံ ( ၃၃ )မျိုး၊ ဒီထက်မက ရှိနိုင်ပါသေးတယ်။ ဒီတိုင်းရင်းသားများဟာ ပြည်နယ်ရဲ့

အရှေ့၊ မြောက်၊ တောင် အသီးသီးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေဒေသများ၊ တိုင်းရင်း သားများအပါအဝင် ခရိုင်၊ မြို့နယ်အသီးသီးမှာ ဘဝရဲ့ဝမ်းရေးအတွက် အကြောင်းအမျိုးမျိုးကို အခြေခံလို့ကျင်လည်မှုမျိုးစုံ၊ ရုန်းကန်မှုမျိုးစုံ၊ ရပ်တည်လှုပ်ရှားမှုမျိုးစုံတို့နဲ့ နေထိုင်နေကြပါတယ်။ မြို့ပြအသီးသီး ပေါ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထု အချို့ပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၆နှင့် ၃၆၇ကို အချို့မြို့ရွာများမှာ အပြည့်အဝမခံစားရသလို စိန်ခေါ်မှုနှင့် ရှုပ်ထွေးမှုများ၊ အခက်အခဲမျိုးစုံ ကြုံတွေ့နေရပြီး မြို့ပြဌာနဆိုင်ရာများ အရောက်အပေါက်နည်းပါးလှတဲ့ ဒေသမှာရှိနေကြတဲ့ ဒေသခံတိုင်းရင်းသားများအတွက်ကတော့ ပို၍ပင် ခံစားကြရမှာဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများတွေထဲက အင်အားနည်းပါးတဲ့ တိုင်းရင်းသားတွေဆိုရင် ပိုမိုပြီးခက်ခဲမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နမ့်စန်မြို့မှာရှိတဲ့ ရှားပါးပြီး အင်အားနည်းပါးတဲ့ တိုင်းရင်းသား လူမျိုးစုဖြစ်တဲ့ "ယင်းနက်" တိုင်းရင်းသားနဲ့ "ယင်းကျား" တိုင်းရင်း သားများဟာ မူလကနမ့်စန်မြို့နယ်အတွင်းမှာ နောင်ဟီးအုပ်စု၊ နမ့်လစ်အုပ်စု၊မက်မုန်မွန်းအုပ်စု၊ဟိုက်ဖတ်အုပ်စုစတဲ့ကျေးရွာအုပ်စုများအတွင်းမှာ ပျံ့နှံ့စွာနေထိုင်ကြပြီး လူဦးရေ (၉၀၀၀) ဝန်းကျင်ခန့်သာ ရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံးနှင့် တစ်ပြည်နယ်လုံးအတိုင်း အတာအရ အင်မတန်အင်အားနည်းပါးတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသား လူမျိုးစုနွယ်များဖြစ်ပြီး ကျွန်တော်တို့ နမ့်စန်မြို့တစ်မြို့တည်းမှာ သာရှိတဲ့ တိုင်းရင်းသားတွေဖြစ်ပါတယ်။ "ယင်းနက်"တိုင်းရင်းသားနဲ့ "ယင်းကျား" တိုင်းရင်းသားများဟာ ရှေးကျပြီးရိုးသားစွာဖြင့် သူ့ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြသော၊ တောင်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ရက်ကန်း ချည်ထည်ရက်လုပ်ခြင်း၊ အမဲလိုက်ငါးမျှားခြင်း၊ သစ်ဥသစ်ဖုတူးဖော်ရောင်းချခြင်း၊ လက်မှုလုပ်ငန်းများဖြင့် အသက်မွေးဝမ်း ကျောင်းနေထိုင်ကြသော ဆင်းရဲနွမ်းပါးကြတဲ့ ဒေသခံတိုင်းရင်းသားများ ဖြစ်ပါတယ်။ ခေတ်စနစ်အဆက်ဆက်က အခုလိုရိုးသားစွာဖြင့် နေထိုင်လာကြတဲ့ အဆိုပါ ယင်းနက်၊ ယင်းကျားတိုင်းရင်း သားများဟာ ခေတ်အဆက်ဆက်ကနေယနေ့ထိတိုင်၎င်းတို့နေထိုင်သော ဒေသများတွင်ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့သည် တိုးတက်မှုအနည်းနှင့်အများ ရှိနေသော်လည်း အချို့ နေရာများဟာ ခေတ်နောက်ကျမှုများစွာ ဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။ နယ်မြေအတွင်း ဖြစ်စဉ်အကြောင်းအမျိုးမျိုးနှင့် များပြားလှတဲ့ ပွတ်တိုက်စိန်ခေါ်မှုမျိုး၊ နယ်မြေအတွင်း ဖြစ်ပေါ်နေတဲ့ အခြေအနေအမျိုးမျိုး၊ ကုန်စျေးနှုန်း၊ သီးနှံစျေးကွက်၊ စားသောက်ကုန်၊ လမ်းပန်းဆက်သွယ်ရေး၊ အသိပညာဖွံ့ဖြိုးမှု၊ ခေတ်နှင့်အညီ ရင်ဘောင်တန်းနိုင်မှုတွေက အဆိုပါတိုင်းရင်းသားများအတွက် အင်မတန်ခက်ခဲတဲ့ စိန်ခေါ်မှု၊ ရင်ဆိုင်မှုပြဿနာများဖြစ်ပါတယ်။ အဲ့ဒီ ယင်းနက်၊ ယင်းကျား တိုင်းရင်းသားတွေထဲမှာ ပညာတတ်ဆိုတာ လက်ချိုးရေလို့ရနိုင်ပါတယ်။ ကျန်တဲ့သူတွေ ကတော့ ကျောင်းနေလို့ မူလတန်းမပြီးခင်ဘဲ စားဝတ်နေရေးကြောင့် ယာခင်းဝင်၊ ဆိတ်ကျောင်း၊ ကျွဲကျောင်း၊ နွားကျောင်း၊ အရွယ်လေးမရခင် စားဝတ်နေရေးဖိစီးလာရင် တစ်ဖက်နိုင်ငံကိုသွား စီးပွားရှာ၊ ရရာအလုပ်လုပ်၊ အဆင်ပြေလို့ (၄၊၅)နှစ်ကြာ၊ ရပ်ရွာပြန်လာရင် ပင်ကိုယ်ယဉ်ကျေးမှုစရိုက်ပျောက်ပြီး မိရိုးဖလာဝတ်စုံကိုပင် မဝတ်ချင်ကြဘဲ တစ်ဖက်နိုင်ငံက ယဉ်ကျေးမှုတွေ ကူးစက်လာတာကအစ ရင်လေးစရာ ကောင်းလှပြီ ဖြစ်ပါတယ်။ ဒီယင်းနက်၊ ယင်းကျားတိုင်းရင်းသားများကဲ့သို့ မြို့နယ်ပေါင်းစုံမှာ ဖြန့်ကြက်ရောက်ရှိနေထိုင်

နေကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားများစွာ တည်ရှိနေကြစမြဲဖြစ်သလို ဒီလိုအခက်အခဲများကို တူမတူသော ရင်ဆိုင်ကြုံတွေ့မှုတွေက စိန်ခေါ်မှုမျိုးစုံမက ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။ မြို့နယ်အားလုံးထဲမှာ ပျံ့နှံ့စွာရှိနေတဲ့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးစုတွေများရဲ့ အခက်အခဲ၊ အကြပ်အတည်းဟာ ကျွန်တော်တို့ မြို့နယ်အသီးသီးက ရွေးကောက်ခံကိုယ်စားလှယ်များရဲ့ ဖြေရှင်းပေးရမယ့် သမိုင်းပေးတာဝန် တစ်ရပ်ဖြစ်လာခဲ့ပါပြီ။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလို့ သတ်မှတ်ချက်ရဲ့နောက်က ပါဝင်တည်ရှိတဲ့ တိုင်းရင်းသား (၁၃၅)မျိုး၊ ထိုထဲက ပါဝင်နေတဲ့ ရှမ်းပြည်နယ်ရဲ့ မြို့ရွာအသီးသီးက တိုင်းရင်းသား လူမျိုး(၃၃)စု ထဲက ရှမ်း၊ ဗမာ၊ လားဟူ၊ လီဆူ၊ တအာင်း(ပလောင်)၊ ဝ၊ မြောင်ဇီး၊ ကချင်၊ ကယား၊ ကယန်း၊ ပအိုဝ်း၊ ကိုးကန့်၊ ဓနု၊ တောင်ရိုး၊ အင်း၊ ချင်း၊ ရခိုင်၊ မုန်းဝန်း၊ လီရှော၊ အာခါလူမျိုးစု (၂၀)ကျော်တောင် ကျွန်တော်တို့ရဲ့ နမ့်စန်မြို့နယ်လို မြို့လေးတစ်ခုမှာ တည်ရှိနေရင် မြို့နယ်ပေါင်း(၅၅)မြို့ရှိတဲ့ ရှမ်းပြည်နယ်တစ်နယ်လုံးမှာ ဆိုရင်တော့ တိုင်းရင်းသားလူမျိုး (၃၃)မျိုးမက တည်ရှိနေထိုင်ကြပြီး ဒီတိုင်းရင်းသားတွေရဲ့ အခက်အခဲ၊ အကြပ်အတည်းဆိုတာ ပြောမပြနိုင်လောက်အောင်လည်း ရှိနေကြမှာဖြစ်ပါတယ်။၂၀၀၈ခုနှစ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၄၇ အရ " နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်"။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"လို့ ပြဋ္ဌာန်းထားတဲ့နည်းတူ အစိုးရသည်လည်းကောင်း၊ လွှတ်တော်သည်လည်းကောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် တာဝန်ရှိသူများအဖြစ် ကျမ်းသစ္စာဆို ထားပြီးသူများဖြစ်နေကြပြီဖြစ်၍ ပြည်နယ်(ရှေ့၊ တောင်၊ မြောက်) အသီးသီးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသကြီးများအပါအဝင် တည်ရှိနေကြပါသော တိုင်းရင်းသားလူမျိုးစုငယ်များအတွက် ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို သက်ဆိုင်ရာ နယ်မြေအလိုက် ကျွန်တော်တို့လို လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိသားစုရင်နှစ်သည်းချာသဖွယ် ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါကြောင်း၊ ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်သည့် အခမ်းအနားများ၊ ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့နှင့် နေ့ကြီး၊ အခါကြီး၊ ရက်ကြီးများ၊ နိုင်ငံတော်၊ ပြည်နယ်အဆင့်အခမ်းအနားများ အသီးသီးတို့မှာ မြို့နယ်အလိုက် မပေါ့မဆဘဲ စနစ်တကျ စာရင်းကောက်ယူ၍ တက်ရောက်နိုင်ရန် ပံ့ပိုးဖြည့်ဆည်း မြှင့်တင်ဆောင်ရွက်ပေးခြင်းများ၊ ဒေသခံတိုင်းရင်းသားနယ်မြေ၏ လူမှုဖွံ့ဖြိုးမှုအဆောက်အဦနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် သမိုင်းကပေးတဲ့ တာဝန် တစ်ရပ်ကဲ့သို့ ဝိုင်းဝန်းကြံဆောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါစေကြောင်း ရှမ်းပြည်နယ်အစိုးရနှင့်တကွ သက်ဆိုင်သူအားလုံးသော တာဝန်ရှိကြသူများအားလုံးကို အလေးအနက်တိုက်တွန်းအပ်ပါတယ် ခင်ဗျား။ သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ " ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့်

့တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး အတွက်အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန်တိုက်တွန်းကြောင်း” အဆိုကို အလေးအနက် ထောက်ခံအပ်ပါကြောင်း ရှမ်းပြည်နယ်အတွင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူများ ကိုယ်စား ရိုသေလေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ “ ရှမ်းပြည်နယ် အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက်အချို့သော လူမျိုးစုငယ်များအား လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း” အဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးပြောကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးစိုင်းလှဝင်း၏အဆိုမှာ ရှမ်းပြည်နယ်ရှိ ရှမ်းမျိုးနွယ်စု (၃၃)မျိုးရှိကြောင်း၊ ၎င်းတို့မှာ ရှမ်း၊ ယွန်း(လအို)၊ ကွီ၊ ဖျင်၊ ယောင်၊ ထနော့၊ ပလေး၊ အင်၊ စုံ၊ ခဖူ၊ အာခါ၊ ကိုးကန့်၊ ခန္တီးရှမ်း၊ ဂုံရှမ်း၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ မြောင်ဇီး၊ ယင်းကျား၊ ယင်းနက်၊ ရှမ်းကလေး၊ ရှမ်းကြီး၊ လားဟူ၊ အင်းသား၊ အိုက်ဆွမ်၊ ပအိုဝ်း၊ တိုင်းလွယ်၊ တိုင်းလျံင်၊ တိုင်းလိုင်၊ တိုင်းလေ့၊ မိုင်းသာ၊ မောရှမ်း၊ ဝ ဟူ၍ တင်ပြသွားပါတယ်။

ဒီနေရာမှာ တင်ပြလိုတာက ထိုလူမျိုးစု (၃၃)မျိုးစလုံးဟာ ရှမ်းမျိုးနွယ်စုမှ ဆင်းသက်လာသော မျိုးနွယ်စုများ မဟုတ်ကြပါ။ အချို့တော့ ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်။ ဥပမာ- ကျွန်တော်တို့ တအာင်း(ပလောင်)တွေဟာ BC (၆)ရာစုတည်းက မွန်ဂိုရွိုက်လို့ ခေါ်တဲ့ မွန်ခမာ မျိုးနွယ်စုအဖြစ် မြန်မာနိုင်ငံ ကို အစောဆုံးဝင်ရောက်လာတဲ့ မျိုးနွယ်စုဖြစ်ပါတယ်။ ထိုမွန်ဂိုရွိုက်လို့ခေါ်တဲ့ မွန်ခမာမျိုးနွယ်စုထဲမှာ မွန်၊ ဝ၊ ပလောင်၊ မြောင်လူမျိုးတွေ ပါဝင်ပါတယ်။ ယခုတော့ မြောင်လူမျိုးဆိုတာ မရှိတော့ပါ။ ဒါ့ကြောင့် မွန်၊ ဝ၊ ပလောင်တွေဟာ စကားသံတွေတူပါတယ်။ အချို့ဝေါဟာရတွေ တောင်တူပါတယ်။ မွန်ဂိုရွိုက်လို့ခေါ်တဲ့ မွန်ခမာအနွယ်ဟာ တရုတ်ပြည်ယန်စီကျန် မြစ်ဝှမ်းဒေသမှ ရေကြည်ရာ၊ မြက်နုရာရှာရင်း မြန်မာနိုင်ငံ မြောက်ဖျားကနေ မြန်မာနိုင်ငံထဲကို BC (၆)ရာစုမှာ စတင်ဝင်ရောက်လာရာ အချို့က သံလွင်မြစ်အရှေ့ ဘက်ခြမ်းရှိ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံအထိ စိမ့်ဝင်လာပါတယ်။ (ကမ္ဘောဒီးယားမှာ ခမာဆိုတဲ့လူမျိုးရှိပါတယ်။)အချို့ကသံလွင်မြစ် အနောက်ဘက်ခြမ်း ရှမ်းပြည်နယ်(မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း)မှာနေထိုင်ပြီး ‘ဝ’၊ ပလောင်တို့ ဖြစ်လာတယ်။ အချို့မြန်မာနိုင်ငံ (တောင်ပိုင်း)၊ သုဝဏ္ဏဘုမ္မိ သထုံပြည်အထိရောက်ပြီး၊ မွန်လူမျိုးရယ်လို့ ဖြစ်လာပါတယ်။ အလားတူ အခြားသော လူမျိုးများဖြစ်တဲ့

ပအိုဝ်း၊ ကယန်း၊ လားဟူ၊ အာခါ၊ ကိုးကန့်၊ အင်း၊ ဓနုတွေလည်း အလားတူ ဆင်းသက်ပုံ ရာဇဝင်သမိုင်းကြောင်းတွေရှိပါလိမ့်မယ်။ ဆိုလိုတာက ရှမ်းပြည်နယ်တွင် ရှေးပဝေသဏီကတည်းက အတူတကွနေထိုင်ကြသော်လည်း ဆင်းသက်ပုံအရကွာခြားပါတယ်။ အချို့က စောစောရောက်၊ အချို့က နောက်ကျရောက် ဆင်းသက်ပုံအရကွာခြားတော့ စကား၊ စာပေ၊ ဓလေ့ထုံးတမ်းလည်း မတူကွဲပြားပါတယ်။ ဒါ့ကြောင့် ရှမ်းမျိုးနွယ်စုရယ်လို့ သတ်မှတ်လို့မရပါဘူး။ ဒီလိုပြောရတာက လည်းကိုယ်စားလှယ်များ အမှတ်မှားမှာစိုးလို့ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် " နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားထွန်းကားရေးကို ဦးတည်သည်"ဟု မူဝါဒချမှတ်ထားပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုများအားလုံး ကြီး၊ ငယ်မမူ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားနှင့်အညီ အစိုးရမှ ဆောင်ရွက်ပေးရန် တာဝန်ရှိပါတယ်။ ထို့အတူ မြန်မာနိုင်ငံအတွင်းရှိ မြို့နှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟမှုနည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါတယ်။ ရှမ်းပြည်နယ်ရှိ လူမျိုးစုငယ်များဖြစ်ကြသည့် ပလောင်၊ ကွီ၊ ဖျင်၊ ယောင်၊ ထနော့၊ ပလေး၊ အင်၊ စုံ၊ ခမူ၊ အာခါ၊ မြောင်ဇီး၊ ယင်းကျား၊ ယင်းနက်၊ လားဟူ၊ အင်းသားစသော လူမျိုးစုငယ်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှဆောင်ရွက်ပေးရန် တာဝန်ရှိပါတယ်။ ထိုလူမျိုးစုငယ်များဟာ ရှမ်းပြည်နယ်ရှိ မြို့နယ်တော်တော်များများတွင် နေထိုင်ကြပါတယ်။ ဝေးလံခေါင်သီတဲ့နေရာ၊ သွားလာရေးခက်ခဲတဲ့ နေရာတွေမှာနေကြလို့ ပညာသင်ကြားနိုင်တဲ့ အခွင့်အလမ်း ဆုံးရှုံးခဲ့ရပါတယ်။ (၅-၁၂-၂၀၁၇)ရက်နေ့မှာ ကျွန်တော်မေးခွန်းမေးမြန်းခဲ့သလို ရှမ်းပြည်နယ်တွင် တအာင်း (ပလောင်)ကျေးရွာပေါင်း (၅၀၃)ရွာမှာ အခြေခံပညာသင်ကြား ခွင့်မရခဲ့ကြပါ။ အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ အခြားသော လူမျိုးစုငယ်များလည်း ထိုနည်းတူဖြစ်မယ်ထင်ပါတယ်။ ပညာမသင်ကြားရတော့ အသိဉာဏ် နိမ့်ပါးပြီး ဆင်းရဲတွင်း နက်သထက်နက်နေပါတယ်။ ဒါကြောင့် အလျဉ်းသင့်လို့ မေတ္တာရပ်ခံချင်တာကတော့ ရှမ်းပြည်နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အစိုးရအဖွဲ့ဝင်အားလုံး၊ ကျွန်တော်တို့ တအာင်း(ပလောင်)လူမျိုးလိုအလားတူ လူမျိုးစုငယ်များကိုပစ်မထားကြပါနဲ့။ကျောသားရင်သားမခွဲခြားဘဲ စောင့်ရှောက်ပေးကြပါ။ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးကြပါလို့ မေတ္တာရပ်ခံရင်း မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက် ပေးနိုင်ရန် တိုက်တွန်းကြောင်း"အဆိုကို ဆွေးနွေးရင်း လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအားမဲက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။**ယနေ့ ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ မှ

ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားမဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး များအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစိုင်းလှဝင်းရဲ့ အဆိုဟာ အင်မတန် ကောင်းမွန်ပြီး အဓိပ္ပါယ်ရှိပါတယ်။ တိုင်းရင်းသားများ အားလုံးတန်းတူညီမျှ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖော်ဆောင်နေသည့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မဖြစ်မနေဖော်ထုတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း (၁၃၅)မျိုးဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း၌ တိုင်းရင်းသားမျိုးနွယ်စု(၃၃) မျိုး နေထိုင်သည့်အပြင် အခြားတိုင်းရင်းသားများလည်း မှီတင်းနေထိုင်ကြသည်ကို တွေ့ရှိရပါတယ်။ တိုင်းရင်းသားမျိုးနွယ်စု (၁)စုစီတိုင်းမှာ ချစ်ဖွယ်ကောင်းသော ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင်ဘာသာ စကား၊ ဓလေ့ထုံးတမ်းအစဉ်အလာများစွာကို ပိုင်ဆိုင်ထားသည်ကို တွေ့ရှိရပါတယ်။ မိမိ တို့၏ တိုင်းရင်းသားဘာသာစကားကိုသာ ပြောဆိုကြသဖြင့် နိုင်ငံသားချင်းတူသော်လည်း ဘာသာစကား မပေါက်သဖြင့် အချင်းချင်းဆက်သွယ်ပြောဆိုရာ၌ လက်ဟန်ခြေဟန်ဖြင့် ပြောဆိုနေဟန်များမှာလည်း တမူ ထူးခြားပြီးချစ်စဖွယ်ကောင်းသော တိုင်းရင်းသားလူမျိုးစုငယ်များ၏ဘဝကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ၎င်းတိုင်းရင်းသားလူမျိုးစုငယ်များ၏ ကိုယ်ပိုင်ဓလေ့ထုံးတမ်း အစဉ်အလာများကို ငွေကြေးဖြင့် ဝယ်ယူ၍ မရနိုင်သလို ထပ်မံတီထွင်ဖန်တီး၍မရနိုင်သော မြန်မာနိုင်ငံ၏ အဖိုးတန်ရတနာများပင်ဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားသည့်အတွက် ကမ္ဘာ့အမွေအနှစ်တစ်ခုဟု သတ်မှတ်ရသည်အထိ ဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်နေသော တိုင်းရင်းသား လူမျိုးနွယ်စုငယ်လေးများ၏ စာပေနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဝတ်စား ဆင်ယင်မှု၊ ကိုယ်ပိုင်ဘာသာစကား၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ရေရှည်တည်တံ့ မပျောက်ကွယ်စေရန်နှင့် ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများကို ဖော်ထုတ်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ မိုင်းခတ်မြို့နယ် မှာ နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားလူမျိုးစုငယ်များ၏ အချက်အလက်ကို အနည်းငယ်တင်ပြချင်ပါတယ်။ မိုင်းခတ်မြို့နယ်အတွင်း ရှမ်း (၇၂၁၈)ဦး၊ အာခါ(၆၆၆၄)ဦး၊ လားဟူ (၃၈၆၆)ဦး၊အခြား(၃၀၇၄)ဦး၊ 'ဝ' (၂၁၀၄) ဦး၊ ဗမာ(၆၃၀)ဦး၊ ချင်း (၂၇)ဦး၊ ရခိုင်(၁၂)ဦး၊ ကရင်(၁၂)ဦး၊ ကချင်(၇)ဦးနှင့် ခနု (၁)ဦး၊ စုစုပေါင်း (၂၃၆၁၅) ဦး နေထိုင်လျက်ရှိပြီး၊ တစ်မြို့နယ်လုံးစုစုပေါင်းနေထိုင်သူဦးရေ (၄၅၃၅၈)ဦး၊ အထူးဒေသနေထိုင်သူ (ဝင်မရသေး) (၂၁၈၃၃)ဦး နေထိုင်လျက်ရှိသည်ကို ပြည်ထဲရေး စာရင်းများအရ သိရှိရပါတယ်။ ၎င်းစာရင်း

ကျေးရွာအုပ်စုများအရ အခြားတိုင်းရင်းသားများမှာ (၃၀၇၄)ဦး ပါဝင်နေသည်ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ အခြားတိုင်းရင်းသားများမှာ တိုင်းရင်းသားလူမျိုးစုငယ်များဖြစ်သည့် အားခေလူမျိုး (၁၈၅၉)ဦးနှင့် ရှံန်ကျင်းလူမျိုး (၁၂၁၅)ဦး၊ စုစုပေါင်း (၃၀၇၄)ဦး တို့ပါဝင်နေသည်ကို တွေ့ရှိရပါတယ်။ အဆိုပါတိုင်းရင်းသား လူမျိုးစုငယ်များဟာ ယနေ့ထိ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင်ဘာသာစကား၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်ကွယ်သွားအောင် ထိန်းသိမ်းလျက် ငြိမ်းချမ်းစွာ နေထိုင်လာခဲ့သည်ကိုလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့သော်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်နေသည့် ယနေ့ခေတ်ကမ္ဘာ့ရေ စီးကြောင်းပေါ်လိုက်ပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင်ဘာသာစကား၊ ဓလေ့ထုံးတမ်းအစဉ်အလာများတဖြည်း ဖြည်းမှေးမှိန်လာသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ သမိုင်းကသတ်မှတ်ပေးသည့်တာဝန်တစ်ရပ်ကို ကျေပွန်စွာထမ်းဆောင်ရန်မှာ ပြည်သူလူထုတစ်ရပ်လုံးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာလည်း တာဝန်ရှိကြောင်း မီးမောင်းထိုးပြရင်း ဦးစိုင်းလှဝင်း၏ အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်ညွှန့်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညွှန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အပါအဝင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွှန့် ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း တင်သွင်းတဲ့ "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အချိန်ကို လေးစားငဲ့ညှာသောအားဖြင့် ကျွန်တော့်အနေနဲ့ အကျဉ်းချုံးပဲ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းလှဝင်း တင်သွင်းသွားတဲ့အထဲမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်နေကြတဲ့ တိုင်းရင်းသားလူမျိုး (၃၃)မျိုးရှိကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ (၅)ခုရှိကြောင်း၊ သက်ဆိုင်ရာ လူမျိုးစုအလိုက် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး (၇)ဦးရှိကြောင်း ဖော်ပြသွားတာကို အားလုံးပဲကြားသိကြပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုများနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီတွေထဲမှာလည်း "တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီ"လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဦးစိုင်းလှဝင်းတင်ပြသွားတဲ့အထဲက ဖွဲ့စည်းပုံအခြေခံ ဥပဒေအရဆိုတာနဲ့စပ်ဆက်ပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့ စည်းပုံအခြေခံ ဥပဒေပါ

ပြဌာန်းချက်အရ ရှမ်းပြည်နယ်ဆိုတာရှိပြီးဖြစ်တဲ့အတွက် လူမျိုးစုကြီးတစ်စုဖြစ်တဲ့ ကျွန်တော်တို့ ရှမ်းလူမျိုးစုတွေဟာ အဆိုပြုချက်မှာပါတဲ့ လူမျိုးစုတွေလိုတောင်မှ သီးခြားအထူး အခွင့်အရေးမရရှိသလို ကျန်အခြားလူမျိုးစုတွေဟာလည်း တစ်ဆက်တစ်စပ်တည်း မြို့နယ်များမှာ မနေထိုင်ကြခြင်း၊ သတ်မှတ်ချက်အရ လူဦးရေရာခိုင်နှုန်းမပြည့်မီခြင်း အစရှိတာတွေကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမိမိတို့လူမျိုးနှင့်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ မရရှိကြကြောင်း သိသာထင်ရှားစွာတွေ့မြင်ကြရမှာဖြစ်ပါတယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးမှုဟာ လူမျိုးရေးအမြင်ကျဉ်းမြောင်းမှုအပေါ် အခြေခံခြင်းမဟုတ်ဘဲမေတ္တာတရား၊ကရုဏာတရားနဲ့ ကိုယ်ချင်းစာတရားတွေအပေါ် အခြေခံဆွေးနွေးတင်ပြခြင်းသာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနားလည် သဘောပေါက်ကြမယ်လို့ယုံကြည်ပါတယ်။လူဦးရေသောင်းဂဏန်း ဝန်းကျင်ရှိပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ မြို့တော်တောင်ကြီးမြို့၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်အချို့နဲ့ ရှမ်းပြည်နယ်အတွင်းရှိ အခြားသော မြို့နယ်များမှာ ပျံ့နှံ့နေထိုင်ကြတဲ့ တောင်ရိုးဆိုတဲ့ လူမျိုးစုငယ်တစ်ခုနဲ့ပတ်သက်ပြီး ကျွန်တော်တွေ့ကြုံခဲ့ရတာ တင်ပြလိုပါတယ်။ ထိုတောင်ရိုးလူမျိုးနွယ်စုငယ်ကို ကိုယ်စားပြုတဲ့ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က တာဝန်ရှိလူကြီးသူမများ၊ တောင်ရိုးလူငယ်အဖွဲ့ဝင်များသည် ကျွန်တော့ထံလာရောက် ဆက်သွယ်တွေ့ဆုံခွင့်တောင်းပြီး ၎င်းတို့ တောင်ရိုးလူမျိုးတွေဟာ ဘိုးဘွားစဉ်ဆက် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်လာကြပြီး ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့်အညီ များသောအားဖြင့် မိရိုးဖလာစိုက်ပျိုးရေးအခြေခံလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရကြောင်း၊ ဒေသအတွင်း အခြားတိုင်းရင်းသားများနှင့် အေးချမ်းချစ်ကြည်စွာအတူ လက်တွဲနေထိုင်လာခဲ့ကြကြောင်း၊ လူဦးရေနည်းပါးသည့်အထဲအချို့မှာ အခြားလူမျိုးစာရင်းပါဝင်နေခြင်း၊ ပျံ့နှံ့စွာနေထိုင်မှုကြောင့် အချင်းချင်းစုစည်းနေထိုင်ရန် ခက်ခဲခြင်း၊ ခေတ်ပညာတတ်မြောက်မှုနည်းပါးခြင်းကြောင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့် အညီ အခြားတိုင်းရင်းသားများနှင့်အမီ လိုက်လျောစွာ နေထိုင်ရန် အခက်အခဲတွေ့ခြင်း၊ လူမှုရေး၊စီးပွားရေး၊ အသိအမြင်မှအစ အရာရာတွင် အခြားလူမျိုးစုများထက် အစစအရာရာ နိမ့်ပါးနေရကြောင်း၊ ထို့ကြောင့် မိမိတို့လူမျိုးစုမှာ အခြားဒေသခံတိုင်းရင်းသားများအကြား အားငယ်သေးသိမ်နေသလို ခံစားရကြောင်း၊ အားကိုးရာမဲ့ဖြစ်နေသော်လည်း မည်သူ့ကို၊ မည်သည့်အဖွဲ့အစည်း ကို အားကိုးပြီး အကြံဉာဏ်အကူအညီ တောင်းခံရမည်ကိုလည်း မသိကြောင်း၊ လူမျိုးစုကြီးတစ်ခုဖြစ်သော ရှမ်းများအနေနှင့် တိုင်းရင်းသားမျိုးနွယ်စုငယ် မိမိတို့ကို မပစ်ထားဘဲ လိုအပ်သော အကြံဉာဏ်နှင့် တတ်နိုင်သမျှ အကူအညီပေးစေလိုကြောင်း စသည်ဖြင့် ၎င်းတို့ လက်တွေ့ခံစားနေရသည်များကို လာရောက်ရင်ဖွင့်ပြခဲ့တဲ့အပေါ် အားလုံးကို မျှဝေခံစားကြည့်စေချင်ပါတယ်။

ကျွန်တော်ဆွေးနွေးတင်ပြသွားတဲ့ဖြစ်ရပ်ဟာ ဘာကိုဖော်ပြနေသလဲဆိုတော့ ကျွန်တော်တို့နဲ့ နီးနီးကပ်ကပ်လေးမှာနေပြီး မြို့ကြီးပြကြီးနဲ့မဝေးတဲ့ ဒေသခံတိုင်းရင်းသားမျိုးစု ငယ်တစ်စုတောင်မှ ဒီလိုတွေ့ကြုံခံစားနေရတယ်ဆိုရင် ရှမ်းပြည်နယ် တစ်ပြည်လုံးမှာရှိတဲ့ ဆက်သွယ်ရန်ခက်ခဲပြီး အစစအရာရာ နိမ့်ပါးနေတဲ့၊ ဝေးလံခေါင်းပါးအရပ်တွေမှာ နေထိုင်နေရတဲ့ ရာဂဏန်း၊ ထောင်ဂဏန်းလောက်သာ ကျန်တော့တဲ့

ကျွန်တော်တို့အားလုံးရဲ့ မိသားစုဝင်တွေဖြစ်တဲ့ အချို့ချို့သော တိုင်းရင်းသားလူမျိုးစုငယ်လေးတွေရဲ့ အခက်အခဲ၊ အကြပ်အတည်းဟာ ဘယ်လောက်တောင် ကြမ်းတမ်းကြီးမားနေလိမ့်မလဲဆိုတာ အားလုံး မှန်းဆနိုင်မှာဖြစ် ပါတယ်။ ဒါကြောင့် မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း တင်သွင်းတဲ့ ရှမ်းပြည်နယ်အစိုးရကို တိုက်တွန်းကြောင်းအဆိုကို အလေးအနက် ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းဇော်မိုးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် အဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) (၆-၁၂-၂၀၁၇)ရက်နေ့၌ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမှ တင်သွင်းသော "ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ် ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း"အဆိုကို ညောင်ရွှေ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးမှ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ထောက်ခံဆွေးနွေးသွားပါမယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသား(၁၃၅)မျိုး၊ ရှမ်းပြည်နယ်တွင်လည်း တိုင်းရင်းသား (၃၃)မျိုးရှိသဖြင့် လူမျိုးပေါင်းစုံ၊ အရောင်အသွေးအမျိုးမျိုး၊ အဝတ်တန်ဆာအမျိုးမျိုး၊ ယဉ်ကျေးမှု အမျိုးမျိုးရှိသဖြင့် အလွန်ဂုဏ်ကျက်သရေရှိသော နိုင်ငံတွင်းမှ လှပသော ရှမ်းပြည်နယ်ကြီးဖြစ်ပါတယ်။ သို့သော်လည်း တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဝင်တစ်ဦးအနေဖြင့် တာဝန်ထမ်း ဆောင်ရင်း လေ့လာသိရှိရသည်မှာ အချို့သော တိုင်းရင်းသားလူမျိုးငယ်မှာ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များတွင် အဘက်ဘက်မှ နောက်ကျကျန်ရစ်ခဲ့သည်ကို ဝမ်းနည်းစွာသိရှိခဲ့ရပါတယ်။ အချို့သောတိုင်းရင်းသားများမှာစစ်ဘေး၊ စစ်ဒဏ်ခံ၍ စစ်၏သားကောင်များဖြစ် ခဲ့ရပါတယ်။ မိမိလူမျိုးအဖြစ် ရပ်တည်နိုင်ရန် ခဲယဉ်းခဲ့ရပါတယ်။ ဥပမာ- ယင်းနက်၊ယင်းကျား၊ မြောင်ဇီး၊ အမ်း အစရှိသောလူမျိုးများ ဖြစ်ပါတယ်။ ယနေ့ခေတ်ကာလတွင် လူမျိုးကြီး၊ လူမျိုးငယ်ဝါဒကို အခြေခံ၍ တိုင်းတစ်ပါး လူမျိုးခြားများ သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း သော်လည်းကောင်း၊ လူမျိုးဝါးမြိုခြင်း၊ လူမျိုးရေးလက်ဝါး ကြီးအုပ်ခြင်း၊ လူမျိုးအချင်းချင်းဖိနှိပ်ချုပ်ချယ်ခြင်းကိစ္စရပ်များသည် ဒီမိုကရေစီစနစ်တွင် မရှိသင့်သော မူဝါဒများဖြစ်ပါတယ်။ တိုင်းရင်း သားလူမျိုးငယ်များတွင်လည်း မေ့လျော့ခြင်းခံရသော လူမျိုး၊ လျစ်လျူရှု ခြင်းခံရသော လူမျိုး၊ နှိမ့်ချဆက်ဆံခြင်းခံရသော လူမျိုးများအဖြစ်လည်း မရှိသင့်တော့ပါ။ ထို့အတွက်ကြောင့်

တိုင်းရင်းသားလူမျိုးကိစ္စရပ်များ အကောင်အထည်ဖော်ရာတွင် အစိုးရ၏ကိစ္စရပ်များဖြစ်သည်ဟု ယူဆပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရသည် တိုင်းရင်းသားလူမျိုးငယ်များအရေးနှင့် ပတ်သက်၍ ဘတ်ဂျက်ငွေစာရင်း ထည့်သွင်းရေးဆွဲရာတွင် တိုင်းရင်းသားလူမျိုးငယ်များ၏အရေးကို ထည့်သွင်း၍ တန်းတူရေးဆွဲပေးရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ပညာရေး(ကျောင်း၊ အဆောက်အဦ၊ ဆရာ/ဆရာမ၊ ကျောင်းသားလူငယ်များ၏အရေး)၊ ကျန်းမာရေး (ဆေးရုံ၊ ဆေးခန်း၊ လူနာတင်ယာဉ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ)၊ ဒေသခံတိုင်းရင်းသားများ၏ သင်တန်းတက်ရောက်မှု၊ အသက်မွေးမှုသင်တန်းကျောင်း ခေါ်ယူခြင်းလုပ်ငန်းများ၊ တိုင်းရင်းသားလူမျိုးငယ်များ၏ ပွဲတော်များသို့ ချီးမြှင့်ခြင်းလုပ်ငန်းများ၊ မြို့တော်များတွင် ကျင်းပသောပွဲတော်များသို့ ဖိတ်ကြားခြင်း လုပ်ငန်းများ၊ တိုင်းရင်းသားလူမျိုးငယ်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်ကောက်ယူစုဆောင်း မှတ်တမ်းတင်ခြင်းလုပ်ငန်းများစသည်တို့ကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ဦးစိုင်းလှဝင်း တင်သွင်းသော "ရှမ်းပြည်နယ်အတွင်း မှီတင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ဦးစိုင်းလှဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ဒီအဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ပြန်လည်ဆွေးနွေးရှင်းလင်းပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** ယနေ့ကြွရောက်လာကြသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါက်တာအောင်သန်းမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းတင်သွင်းသော "ရှမ်းပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစု (၃၃)မျိုးတို့အား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေကြသည့် တိုင်းရင်းသားလူမျိုးစုငယ်များအတွက် လိုအပ်ချက်များကို လေ့လာသုံးသပ်ပြီး ပံ့ပိုးကူညီပေးနိုင်သည့် လုပ်ငန်းစဉ်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း" အဆိုကို ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်သည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ စာရင်းအရ ခရိုင် (၁၃)ခု၊ မြို့နယ် (၅၅)မြို့နယ်၊ မြို့ (၈၅)မြို့၊ ရပ်ကွက် (၅၀၅)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၅၆၆)အုပ်စု၊ ကျေးရွာ(၁၃၉၁၉)ရွာရှိပြီး၊ အိမ်ခြေ (၉၄၄၄၁၄)အိမ်၊ အိမ်ထောင်စု (၉၇၅၈၇၁)စု၊ လူဦးရေ (၅၂၇၂၃၇၂)ဦးရှိပြီး၊ တိုင်းရင်း

သားမျိုးနွယ်စု (၁၃၅)စု မှီတင်းနေထိုင်လျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂ တွင် တိုင်းရင်းသားလူမျိုးများနှင့် ပတ်သက်၍ နိုင်ငံတော်သည်-

(၁) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်၊

(၂) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့တိုးတက် ဖြစ်ထွန်းစေရန်ကူညီဆောင်ရွက်မည်၊

(၃) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီ ဆောင်ရွက်မည်ဟု ဖော်ပြပါရှိပါတယ်။

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ရက်စွဲပါ “ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ”ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းအတည်ပြုပေးခဲ့ပြီးဖြစ်ရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖွဲ့စည်း၍“တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓါတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန်” ဆိုသည့် မျှော်မှန်းချက် အပြင် အောက်ပါမူဝါဒ(၄)ရပ်နှင့် ရည်မှန်းချက် (၅)ရပ် ချမှတ်ပြီး တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်-

**မူဝါဒ**

(၁) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိရေး၊

(၂) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေးနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓါတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ရေး၊

(၃) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊

(၄) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး။

**ရည်မှန်းချက်**

(၁) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး စသည့်ပြည်ထောင်စုစိတ်ဓါတ်များ တိုးတက်ရှင်သန်စေရေးဆောင်ရွက်ရန်၊

(၂) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေပါသတ်မှတ်ချက်များအတိုင်း အပြည့်အဝခံစား ရရှိစေရေး ဆောင်ရွက်ရန်၊

(၃) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာယဉ်ကျေးမှု အမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

(၄) တိုင်းရင်းသားများ၏ မူလဝိသေသလက္ခဏာများ မပျောက်ပျက်စေရေးအတွက် ပတ်ဝန်းကျင် ကောင်းများ ဖန်တီးဆောင်ရွက်ရန်၊

(၅) တိုင်းရင်းသားလူမျိုးများ၏ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေးဆောင်ရွက်ရန်။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမရှိသော တိုင်းရင်းသား မျိုးနွယ်စု (လူမျိုးစု)ငယ်များအတွက် ၎င်းတို့မှီတင်းနေထိုင်ရာဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများမှ တိုင်းရင်းသားလူမျိုးစုငယ်များအပါအဝင် ပြည်သူများ၏ တင်ပြချက်၊ လိုအပ်ချက်များအပေါ် မျက်ခြေ မပျက်စောင့်ကြည့်လေ့လာ၍ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေနှင့် ပြည်နယ်ဘတ်ဂျက် ရန်ပုံငွေများတွင် ထည့်သွင်းရေးဆွဲတင်ပြတောင်းခံ၍ ဆောင်ရွက်လျက်ရှိပါတယ်။

ယင်းသို့တင်ပြတောင်းခံဆောင်ရွက်ပေးမှုများကြောင့် ယခု ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းရင်းသားလူမျိုးစုများအတွက် "ဒေသအာဏာပိုင်နှင့် ပြည်သူ့ ကိုယ်စားလှယ်ဆောင်ရွက်ရမည့်လုပ်ငန်းများ" ခေါင်းစဉ်ဖြင့် ရန်ပုံငွေကျပ်သန်း (၅၅၀၀)အား ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ခွဲဝေပေးခဲ့ပြီး ရှမ်းပြည်နယ်အနေဖြင့်လည်း " တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များ ဆောင်ရွက်ရန်၊" ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်း (၄၂၀)ကိုလည်းကောင်း၊ " ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များနှင့် ဒေသလိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်" အတွက် ရန်ပုံငွေကျပ် သန်း (၁၀၀၀)ကိုလည်းကောင်း ခွဲဝေချထား၍ ၎င်းရန်ပုံငွေများအား သက်ဆိုင်ရာဒေသလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ရေးရာဝန်ကြီးများ၏ တင်ပြချက်များအရ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးအပါအဝင် လူမှု/ စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျခံသုံးစွဲလျက်ရှိပါတယ်။

မိမိတို့ ရှမ်းပြည်နယ်အတွင်းတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး (၃၃)မျိုးရှိရာ လူမျိုးစုကြီးသည်၊ ငယ်သည်ဟူ၍ ခွဲခြားဆက်ဆံဆောင်ရွက်ခြင်းမရှိဘဲ ရှမ်းပြည်နယ်တစ်ပြည်နယ်လုံး ရှိ တိုင်းရင်းသားအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍစုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးစုများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် တန်းတူညီမျှ အကျိုးခံစားခွင့်များရရှိစေရန်နှင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် တိုင်းရင်းသားအားလုံး၏ လိုအပ်ချက်များကို လေ့လာသုံးသပ်ပြီး ပံ့ပိုး ကူညီပေးနိုင်မည့် လုပ်ငန်းစဉ်များဖော် ဆောင်လျက်ရှိပါသဖြင့် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ အဆိုကို မှတ်တမ်းအဖြစ်သာထားရှိသင့်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ယခု အဆိုနှင့် စပ်လျဉ်းပြီး လက်ရှိတွင် အစိုးရအဖွဲ့အနေနဲ့အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အတွက် ယခုအဆိုကို အတည်မပြုဘဲ မှတ်တမ်းအဖြစ်သာထားရှိဖို့ ပြန်လည်ဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ၁၂၅ (စ) နဲ့(ဆ)အရ သက်ဆိုင်ရာ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ (၆-၁၂-၂၀၁၇) ရက်နေ့တွင် ကျွန်တော် တင်သွင်းခဲ့သော “ရှမ်းပြည်နယ် အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်း ကြောင်း”အဆိုနဲ့စပ်လျဉ်းပြီး ဝိုင်းဝန်း ထောက်ခံဆွေးနွေးပေးကြသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ထို့အတူ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှလည်း ဒီအဆိုနဲ့ပတ်သက်ပြီး လက်ရှိအခြေအနေ ဖြစ်တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန၏ ဦးတည်လမ်းညွှန်ချက်များကို အသေးစိတ် ရှင်းလင်းပြသခြင်းနှင့် ဘတ်ဂျက်များချထားပေးတာကို ယခုမှသိရှိရတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးပဲ ဝမ်းသာဂုဏ်ယူမိပါကြောင်း လေးစားစွာပြောကြားလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးစုငယ်များအကြောင်းကိုလည်း သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ် အသီးသီးကလည်း တင်ပြခဲ့ကြပြီးဖြစ်ပါတယ်။ ဒီတိုင်းရင်းသားအရေးကိစ္စကို မြန်မြန် ဆန်ဆန်ဖြင့် ဆောင်ရွက်ပေးမည်ဆိုပါက ခေတ်အဆက်ဆက်က နောက်ကျကျန်ရစ်တဲ့ တိုင်းရင်းသား လူမျိုးစုငယ်လေးများအနေနဲ့ မိမိတို့၏စာပေ၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ စီးပွားရေး အစရှိသည့်တို့တွင် အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ယခု တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေရှိကြတဲ့ လူမျိုးစုတွေလည်း အချင်းချင်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်၍ သူ့အတိုင်းအတာနဲ့သူ ဖွံ့ဖြိုးတိုးတက်နေ တာကိုလည်း တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစု(၃၃)မျိုးအနက် အချို့လူမျိုးစု ငယ်တစ်ဝက်ကျော်ကျော်လောက်သည် ရှမ်းပြည်နယ်တစ်ပြည်နယ်လုံးတွင် ရာဂဏန်း၊ ထောင်ဂဏန်းဖြင့် ပျံ့ပျံ့နှံ့နှံ့နေထိုင်နေကြတာ ကိုလည်းတွေ့ရှိရမှာဖြစ်ပါတယ်။ ထိုလူမျိုးစုငယ်များ၏ ခေတ်အဆက်ဆက်ခံစား လာကြရတဲ့ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို လွှတ်တော်က အတည်ပြုပေး မည်ဆိုပါက အမြန်ဆုံးဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အချို့လူမျိုးစုငယ်တွေဖြစ်တဲ့ ယွန်း(လအို)၊ ကွီ၊ ဖျင်၊ ယောင်၊ ထနော့၊ ပလေး၊ အင်၊ စုံ၊ ခမူ စသည်တို့ကို အချို့လွှတ်တော်ကိုယ်စားလှယ် တွေတောင်ကြားဖူးချင်မှကြားဖူးပါလိမ့်မယ်။ ဘယ်နေရာ၊ ဘယ်ဒေသတွင် နေထိုင်သည်ကိုလည်း သိချင်မှသိပါလိမ့်မယ်။ ထိုလူမျိုးစုငယ်လေးတွေ ပျောက်ကွယ်သွားမှာကိုလည်း ကျွန်တော် အင်မတန်မှ

စိုးရိမ်ပါတယ်။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ ချမှတ်ထားတဲ့ ဦးတည်ချက်တွေကို လိုက်နာဆောင်ရွက်ပြီး အမြန်ဆုံးဆောင်ရွက်သွားမည်ဆိုပါက အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ရှမ်းပြည်နယ် အစိုးရအနေနဲ့လည်း ဒီကိစ္စကို ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းအနေနဲ့ ဆောင်ရွက်ပေးရန်လိုမယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် ဒီကိစ္စကို ကတိကဝတ်အနေနဲ့ ဆောင်ရွက်ပေးမည်ဆိုပါက ထိရောက်မှုရှိလိမ့်မည်ဟု ယုံကြည်ပါတယ်။ ယုံကြည်တဲ့အတိုင်း ယခုအဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအနေနဲ့လည်း ဒီကိစ္စနှင့်ပတ်သက်ပြီး ထဲထဲ ဝင်ဝင်လေ့လာသုံးသပ်ပြီး ပံ့ပိုးဆောင်ရွက်ကူညီပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုတင်သွင်းတဲ့ကိုယ်စားလှယ်ကတော့ ၎င်းတင်သွင်းတဲ့အဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒခံယူလိုကြောင်း တင်ပြတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဟုတ်ပါတယ်နော်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဟုတ်ကဲ့ခင်ဗျ၊ လွှတ်တော်ရဲ့ ဆန္ဒခံယူလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုတင်သွင်းတဲ့ပုဂ္ဂိုလ်က လွှတ်တော်ရဲ့ ဆန္ဒခံယူလိုပါကြောင်းတင်ပြလာပါသဖြင့် ယခု အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုရယူမှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးစွာ ဒီကနေ့ နေ့လည်ပိုင်းမှာ အစည်းအဝေး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေမှာ (၁၀၅)ဦးဖြစ်ပါတယ်။ ကိုယ်စားလှယ် (၁၀၅)ဦးမှာ ဆန္ဒမဲ ပေးရမည့်ကိုယ်စားလှယ်ဦးရေမှာ (၁၀၄)ဦး ဖြစ်ပါတယ်။ ယခုအဆို ကိုအတည်ပြုရန် သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။

အားလုံးထိုင်နိုင်ပါပြီ။ အဆိုကို အတည်ပြုရန် ထောက်ခံသည့်ကိုယ်စားလှယ်က(၉၀)ဦးဖြစ်ပြီး၊ ထိုင်နေတဲ့ကိုယ်စားလှယ်ကတော့ (၁၄)ဦးဖြစ်ပါတယ်။ စုစုပေါင်း (၁၀၄)ဦးဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုရန် ထောက်ခံသည့် ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးတက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေရဲ့ ထက်ဝက်ထက်ကျော်လွန်တဲ့အတွက် ဦးစိုင်းလှဝင်း တင်သွင်းတဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။